**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ**

**သူနာပြုသားဖွားကိစ္စရပ်များအတွက် ဆက်သွယ်ဆောင်ရွက်ပေးရန်**

**တာဝန်ပေးအပ်ထားသည့်အဖွဲ့မှ သတင်းထုတ်ပြန်ကြေညာချက်**

ရန်ကုန်။ မတ် (၁၇)ရက်၊

၁။ ပြည်သူ့ဆေးရုံကြီးများရှိ သူနာပြုအင်အားမှာ လွန်စွာလျော့နည်းနေပါသဖြင့် ကုသမှုခံယူနေသော ပြည်သူလူထု၏ ကျန်းမာရေးအကျိုးကို ရှေးရှု၍ နိုင်ငံ့ဝန်ထမ်း အဖြစ် (၃)နှစ် တာဝန်ဆောင်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ကုသရေးဦးစီးဌာန၏ (၁.၂.၂၀၁၇) ရက်စွဲပါစာအမှတ် ကုသရေး/ပုဂ္ဂလိက/၂၀၁၇(၀၈၁)ဖြင့် ထုတ်ပြန်ထားသော ပုဂ္ဂလိကဆေးရုံများတွင် သူနာပြုတက္ကသိုလ်/ သူနာပြုသားဖွား သင်တန်းကျောင်းများမှ စာချုပ်ဖောက်ဖျက်သော သူနာပြုနှင့် သားဖွားများ ခန့်ထားခြင်းမပြုရန် ဉက္ကဋ္ဌ၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းသို့ အကြောင်းကြားသည့်စာနှင့်ပတ်သက်၍ (၁၅.၃.၂၀၁၇)နေ့တွင် ရန်ကုန်သူနာပြုတက္ကသိုလ် နှင့် ရန်ကုန်သူနာပြုသင်တန်းကျောင်းမှ ကျောင်းသား/သူများ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပွဲ ပြုလုပ်ခဲ့ကြပါသည်။

၂။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ (၁၆.၃.၂၀၁၇)ရက်နေ့တွင် သူနာပြုသားဖွားကိစ္စရပ်များအတွက် ဆက်သွယ်ဆောင်ရွက်ပေးရန် တာဝန်ပေးအပ်သည့် အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေး အပ်ခဲ့ပါသည်။

၃။ ၎င်းတို့တောင်းဆိုထားသည့် လိုင်စင် လက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှ နိုင်ငံ့တာဝန်ထမ်းဆောင်သူများအား လက်ဝယ်ကိုင်ဆောင်ခွင့်ပြုမည် ဖြစ်ပါသည်။

၄။ သူနာပြုတက္ကသိုလ်ဝင်ရောက်စဉ် စာချုပ်ချုပ်ဆိုခဲ့သည့် ကတိအတိုင်း နိုင်ငံ့တာဝန်ကို မပျက်မကွက်ထမ်းဆောင်ရန် ညှိနှိုင်းသဘောတူခဲ့ပါသည်။

၅။ (၁၅.၃.၂၀၁၇)ရက်နေ့တွင် ရန်ကုန်-သူနာပြုတက္ကသိုလ်နှင့် ရန်ကုန်သူနာပြု သင်တန်းကျောင်းမှ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ကြသူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အရေးယူရန်မရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

၆။ သူနာပြု/သားဖွားများသည် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥပဒေ နှင့် ချမှတ်ထားသော ကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

၇။ နောက်နောင်အလားတူ အရေးကိစ္စရပ်များ ပေါ်ပေါက်လာပါက ဌာနတွင်း မိသားစုသဖွယ် ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၈။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သူနာပြု/သားဖွားများ၏ လုပ်ငန်းခွင် ပျော်ရွှင်သာယာရေးနှင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိ ပါကြောင်းနှင့် ဦးစားပေးအနေဖြင့် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။